# ကံလှကျေးရွာ
# ရေးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကံလှကျေးရွာ၊ ရေးမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇွန်လ

မာတိကာ

**မာတိကာ**

**စကားချီး**

**ကံလှကျေးရွာ သယံဇာတပြမြေပုံ၊ ရေးမြို့နယ်**

**အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

**၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား**

**၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

**၆။ ပညာရေး**

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**၉။ ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

**၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ**

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်

နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့ သောကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများ ကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထား ပါသည်။

ကံလှကျေးရွာ

ရေးမြို့နယ်

## ကံလှကျေးရွာ သယံဇာတပြမြေပုံ၊ ရေးမြို့နယ်



# အပိုင်း (က)

# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

ကံလှကျေးရွာသည် မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့နယ် ကျောင်းရွာကျေးရွာအုပ်စု ရေးမြို့နယ်၏ အရှေ့မြောက်ဘက် ကျောင်းရွာကျေးရွာ၏ အနောက်တောင်ဘက် ရေး-ထားဝယ် တနင်္သာရီကားလမ်းမှရေးမြို့ ကျောင်းရွာကျေးရွာ ဆက်သွယ်ထားသော ကားလမ်းမိုင်တိုင်အမှတ်(၆)နှင့် ရေးမြစ် ကုန်းစောင်းမြေပြန့်တွင် တည်ရှိသည်။ မိုးတွင်းကာလ မိုးရေကြီးချိန်တွင် ရေလွှမ်းမိုးခံရပြီး မြစ်ကမ်းများ ပြိုခြင်းခံရသောကြောင့် ကျေးရွာရှိ လူနေအိမ်ခြေများ ဘေးအန္တရာယ် ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မ (၈၀)နှင့်(၁၀၀)ကြားခန့် ရရှိသည်။သဘာဝပေါက်ပင်များမှာ ဝါး၊ညောင် ပင်၊ပျဉ်းကတိုး၊သက်န်း၊ပျဉ်းမ၊မရမ်း၊ငှက်ပျော၊သဖန်းစသော အပင်များ ပေါက်ရောက်သည်။မိုးရာသီ စိုက်ပျိုးနိုင်သော နှစ်ရှည်ပင်သီးနှံဖြစ်သည့် ကွမ်းသီး၊ ရာဘာ၊ သံပုရာ၊ ငှက်ပျော်၊ ဒူးရင်း စသော ဥယျာဉ်စိုက်ပျိုးမြေဧက(၈၀၀)ကျော်ရှိသည်။ကျေးရါ◌ာအနီးတွင်ရေးမြစ်ရှိသောကြောင့်မြစ်ရေ တင်စနစ်ဖြင့် သောက်သုံးရန်နှင့် စိုင်ပျိုးရန်အတွက် အသုံးပြုနိုင်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အများနှင့်ဆိုင်သော သာရေး၊နာရေး ကိစ္စများတွင် အမျိုးသား၊အမျိုးသမီးများ လူငယ်အဖွဲ့များ၊ ချက်ပြုတ်ရေးအဖွဲ့၊ သန့်ရှင်းရေးအဖွဲ့၊ ကျောင်းဝေယျာဝစ္စအဖွဲ့၊

ဘုန်းတော်ကြီးကျောင်းဂေါပကအဖွဲ့၊ စေတီဂေါပကအဖွဲ့၊ ကျေးရွာလျှပ်စစ်မီးလင်းရေးအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ စသည့် အဖွဲ့များ ကျေးရွာတွင်ရှိပါသည်။မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် ကျေးရွာမီးလင်းရေးအဖွဲ့ တို့သည် ဆောင်ရွက်မှုအားနည်းမှုရှိသည်။ရွာသူရွာသားများ စည်းလုံးညီညွတ်စွာဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော သာရေးနာရေးလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်ကြသော အလေ့အကျင့် ကောင်းများ ရှိပါသည်။စိုက်ပျိုးရေးဘဏ်မှ မြို့နယ်သမဝါယမဦးစီးဌာန၏ အစီအစဉ်ဖြင့် ချေးငွေအဖွဲ့ အစည်းတစ်ခုသာ ရှိပါသည်။ကျေးရွာတွင် လူတန်းစေ့ ချေးငွေမရရှိကြပါ။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

## (က)သီးနှံစိုက်ပျိုးရေး

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် ကွမ်းသီး၊ ရာဘာ၊ ဒူးရင်၊ သံပုရာ စသောနှစ်ရှည်သီးနှံများကို စိုက်ပျိုးကြသည်။ဥယျာဉ်ခြံစိုက်ပျိုးမြေ (၁၆၀၀)ကေကျော် ရှိပါသည်။ကွမ်းသီးအထွက်နှုန်းမှာ (၁၅၀၀၀၀)ပိဿာခန့်၊ ရာဘာအထွက်နှုန်းမှာ (၈၀၀၀)ပေါင်ခန့် ဒူးရင်းနှင့် သံပုရာသီးများမှာလည်း ရာသီအလိုက် ထွက်ရှိသည်။ကံလှကျေးရွာ၏ စိုက်ပျိုးရေးမှာ မိရိုးဖလာလုပ်ကိုင်ကြသော လုပ်ငန်းဖြစ်သည်။

ဇွန်၊ ဇူလိုင်လတွင် ကွမ်းသီး၊ ရာဘာ၊ ဥယျာဉ်နှစ်ရှည်သီးနှံများစိုက်ပျိုးကြသည်။အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ထုတ်လုပ်ကြသည်။ကွမ်းသီး၊ ရာဘာများသည် ဈေးကွက်အရည်အသွေး အချိန်မမှီခြင်း ထုတ်လုပ်ရာတွင် နည်းပညာမရှိခြင်းတို့ကြောင့်ဈေးကောင်းများ မရရှိပါ။ဥယျာဉ်ခြံ စိုက်ပျိုးသူများမှာလည်း အကျိုးအမြတ် ရရှိမှုနည်းပါးသည်။ကွမ်းသီး၊ ရာဘာ၊ ဒူးရင်း၊ သံပုရာ တို့ကိုသာ စိုက်ပျူးကြပြီး အခြားသီးနှံ စိုက်ပျိုးနိုင်ခြင်း မရှိပါ။သီးနှံထုတ်လုပ်မှုမှ ဝင်ငွေနည်းသဖြင့် လူငယ်များသည် ပြင်ပသို့ ထွက်ပြီး ဝင်ငွေရှာကြရသည်။

အကျိုးဆက်များအနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပြီး လုပ်သားဈေးများ ကိုလည်း တိုးပေးကြရပါသည်။ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်ရရှိခြင်း၊ သီးညှပ်သီးထပ် စိုက်ပျိုးထုတ် လုပ်ရန် အခွင့်အလမ်းကောင်းဖြစ်သည်။သို့သော်

မြစ်ရေတင်စိုက်ပျိုးရန်နှင့် စိမ့်စမ်းရေသါယ်စနစ်ဖြင့် စိုက်ပျိုးရန် ရင်းနှီးငွေမရှိခြင်း၊ သီးနှံထုတ်ကုန်များအတွက် ဈေးကွက်အချိတ်အဆက်နှင့် ရောင်းချရေး စနစ်ဖွံ့ဖြိုးရေးအတွက် ကျေးရွာလူနေမှ စွမ်းဆောင်နိုင်ခြင်းမရှိပါ။

**(ခ) မွေးမြူရေးလုပ်ငန်း**

အခြားသား ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှ အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်မှု အလွန်နည်းပါးသည်။ နည်းရခြင်းအကြောင်းမှာ မွေးမြူရေးအတွက် မြှပ်နှံရန် အ ရင်းအနှီး မပြည့်စုံပါ။မွေးမြူရေးလုပ်ငန်းတွင် နွား(၁၀)ကောင်ကို အိမ်ထောင်စု(၂)စု၊ ဝက်(၁၀)ကောင်ကို အိမ်ထောင်စု(၆)စုနှင့် ကြက်(၁၅)ကောင်ကိုအိမ်ထောင်စု(၃)တို့ လုပ်ကိုင်ကြသည်။မွေးမြူရေးလုပ်ငန်း ကို ကျေးရွာတွင် အိမ်ထောင်စုအနည်းငယ်သာ လုပ်ကိုင်ကြပါသည်။ကြက်၊ ဝက်၊ နွားတို့၏ ကောင်ရေစု စုပေါင်းမှာ (၃၅)ကောင်သာရှိပြီး အိမ်ထောင်စုမှာလည်း (၁၁)အိမ်ထောင်စုသာ ရှိသည်။

**(ဂ) စိုက်ပျိုးရေး မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်စသည့် စားသောက်ဆိုင်လုပ်ငန်းများကိုလုပ်ကိုင်ကြပြီး၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်း၊ လက်သမား၊ ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများကျွမ်းကျင်စွာ တတ်မြောက်မှုမရှိ ခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများ နှင့် နိုင်ငံရပ် ခြား ဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် ဉယျာဉ်စိုက် တောင်သူများကို ထုတ်ချေးပေးသည့်စနစ် မရှိပါ။ မြစိမ်းရောင် ချေးငွေ အစီအစဉ်ကို ကျေးရွာသားများမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်တောင်းခံရန် အခြားအသေးစား ချေးငွေဝန်ဆောင်မှု လုပ်ငန်းနှင့်လည်း ဆက်သွယ်ရန်(စိုက် ပျိုးရေး၊အထွေထွေလုပ်သား)တို့

ဖွဲ့စည်းပြီး အသင်းသား(၈၀) ပါဝင်ကြပြီး တောင်းခံရန် စီစဉ်ထားပါ သည်။အခြားအသေးစား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက်လည်း ချေးငွေဝန်ဆောင်မှုများ လိုပ်အပ်ပါသည်။

**(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် မော်တော်ဆိုင်ကယ် (၅၀) စီး၊ ကား (၄) စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ ကျေးရွာအတွင်းတွင် မြေသားလမ်းသရှိ သည်။ ကတ္တရာလမ်းမှာ မော်လမြိုင်-ရေး ကားလမ်းမကြီးဘေးတွင်တည်ရှိပြီး သွားလာရအဆင်ပြေပါသည်။ မြေသား လမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာသွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။ မိုးရာသီတွင် မိုးရွာသွန်းမှုများလျှင်ရေကြီးခြင်းဖြစ်ပြီး လမ်းမြုပ်ခြင်းများ ဖြစ်ပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကို (၂၀၁၅)နှစ်တွင် ဖွဲ့စည်းခဲ့သည်။ ဖွဲ့စည်းထားသော ကျေးရွာမီးလင်းရေး ကော်မတီမှ သက်ဆိုင်ရာ အဆင့်ဆင့်သို့ လျှပ်စစ်မီး(ဆိုလာ)ရရှိရေးကို တင်ပြ တောင်းဆိုထားပါသည်။ယခုအခါ ကျေးရွာရှိ ပုဂ္ဂလိက လျှပ်စစ်မီးဖြင့်သာ အသုံးပြုကြသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကံလှကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ရေဒီယို(၂၇)၊ ဖုန်း (၁၅၀) လုံး၊ တီဗွီ (၈၁) လုံးစသည်တို့မှ ရရှိသည်။

**(၆) ပညာရေး**

ကျေးရွာ၏ ပညာရေး အဆင့်အတန်းသည် အသင့်အတင့်သာ ရှိကြောင်း တွေ့ရှိရပါသည်။ရွာ သားအများစုသည် မြန်မာစာကို အခြေခံတတ်ကျွမ်းကြပြီး တက္ကသိုလ်

ပညာရပ်များဖြင့် ဘာသာရပ် အသီးသီးတွင် ဘွဲ့ရသူများလည်း ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာ အလယ်တန်းကျောင်း မရှိ သောကြောင့် ရွာအနီး (၂)မိုင်ခန့်ရှိသော ကျောင်းတွင် အထက်တန်းကျောင်းသို့ သွားရောက်၍ အလယ် တန်းပညာ၊ အထက်တန်းပညာများကို သင်ကြားကြရသည်။ ကျေးရွာရှိ လူငယ်အများစုမှာ အသက်မွေး ဝမ်းကြောင်း ကျွမ်းကျင်မှုသင်တန်းများသို့ သွားရောက်ပညာသင်ရန် လက်လှန်းမမှီသောကြောင့် အသက်မွေးဝမ်းကြောင်းပညာ နိမ့်ကျနေပြီး အသက်မွေးဝမ်းကြောင်းပညာ ဖွံ့ဖြိုးရေး အစီအစဉ်များ လိုအပ်သည်။

## (၇) ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ် ပွားမှု နည်းပါးသည်။ ငှက်ဖျား၊ တုပ်ကွေး၊ သွေးလွန်တုပ်ကွေးရောဂါများ ကူးစက်ခံရခြင်းများရှိသည်။ ကျေးရွာတွင် လယ်ယာမြေမရှိသည့်အတွက် ကိုင်းဟင်းသီးဟင်းရွက်မှာ စားသုံးရန်အနည်းငယ် ထွက်ရှိ ပြီး အလုပ်အကိုင်ရရှိခြင်းမှာ အသင့်အတင့်သာ ရှိပြီး မိသားစုဝင်ငွေမှာ ယေဘုယျအားဖြင့် လုံလောက် ခြင်း မရှိပါ။

အမျိုးသမီးများနှင့် ကလေးလူငယ်များအတွက် ကျန်းမာရေး စောင့်ရှောက်မှုကို ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိ ကျန်းမာရေး ဝန်ထမ်း(၂)ဦးမှ အခြေခံကျန်းမာရေး ဝန်ဆောင်မှုများ ရရှိသည့် အပြင် ရွာနှင့်(၂)မိုင်ခန့်ဝေးသော ကျောင်းရွာတိုက်နယ်ဆေးရုံမှ လည်းကျန်းမာရေးဝန်ဆောင်မှုများ ရရှိ ပါသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေး တိုက်ကျွေးခြင်းများကို ကျန်းမာရေး ဌာနမှ နှစ်စဉ် ဆောင်ရွက်ပေးပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော ဆေး ပေးခန်းမှ အနည်းအကျဉ်းသာ ရရှိပါသည်။

ကျေးရွာတွင်ကျေးရွာသားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် အဝီစိရေတွင်းရေနှင့်စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို(နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန) နှင့် (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)တို့မှ ဆောက်လုပ်ပေးထားပါသည်။သို့သော်ကျေးရွာတွငရေလုံလောက်စွာမရရှိသေးပါ။ကျေးရွာ တွင် မြေအနေအထားအရရေတွင်းတူးဖော်ပြီးရေမရရှိခြင်းတို့ကြောင့်မသန့်ရှင်းသောမြစ်ရေကို ပုဂ္ဂလိကမှ ဈေးကြီးပေးပြီး ဝယ်ယူသုံးစွဲကြရသည်။

**(၈) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ဘေးအန္တရာယ်များ အနေဖြင့် မြစ်ချောင်းများ တိမ်ကောလာသောကြောင့် မိုးရာသီတွင် မိုးများ အဆက်မပြတ် ရွာသွန်းလျှင် မြစ်ချောင်းများ ရေလျှံလာခြင်းကြောင့် ရေကြီးခြင်းများ ဖြစ်ပြီး ဟင်းသီး ဟင်းရွက်များ ရေမြုပ်ပျက်စီးခြင်းနှင့် ကျေးရွာသည် မြစ်ကမ်းစပ်တွင် ရှိခြင်းကြောင့် မကြာခဏ ကမ်း ပြိုခြင်း၊ လူနေအိမ်များ၊ ဥယျာဉ်ခြံများ ပျက်စီးရုံးခြင်း မကြာခဏ ကြုံတွေ့ရပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွင် ဓါတုဗေဒ ကွန်ပေါင်းမြေသြဇာများ သဘာဝသစ် ဆွေး မြေသြဇာများ ထည့်သွင်းနိုင်ခြင်း နည်းပါးပြီး ဥယျာဉ်ခြံသီးနှံပင်များ ဟင်းသီးဟင်းရွက်များအ တွက် ပိုးသတ်ဆေးများ အသုံးပြုမှု နည်းပညာများတွင် အသိပညာများစွာ လိုအပ်နေပါသည်။

**(၉) ကျား – မ ရေးရာ**

ကျားမဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးဒေသတွင် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် အမျိုးသားများသာ ဦးဆောင်ကြပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍာ အနည်းငယ်သာ ပါဝင်ခွင့်ရရှိသည်။ အမျိုးသားများမှာ အမျိုးသမီးများထက် လုပ်အားခ ပိုမို ရရှိကြပါသည်။ အမျိုးသမီး များမှ အိမ်ထောင်တာဝန်ဖြစ်သော ကလေးထိန်း၊ ထမင်းချက်၊ ရေခပ်အပြင် မိသားစုဝင်ငွေ လုံလောက် ဖူလုံရေးအတွက် အိုးမကွာအိမ်မကွာဖြစ်သော လက်မှုပညာ စက်ချုပ်၊ ဆေးလိပ်သောက်ခြင်း စသော လုပ်ငန်းများဖြင့်ပံ့ပိုးအပိုဝင်ငွေများ လုပ်ကိုင်စားသောက်ကြပါသည်။မူလတန်းကျောင်းပညာရေးမှ တတ္တသိုလ်ပညာရေးအထိ ကျား၊မ တန်းတူအခွင့်အရေး ရရှိပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| | ကျောင်းရွာကျေးရွာအုပ်စု | ကံလှကျေးရွာ | |
|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြုလုပ်ငန်းများ |
| ၁ | စိမ့်စမ်းရေသွယ်တန်းခြင်း | ရေကန်၊ ရေပိုက် | ရေစုကန်ဆောက်လုပ်ခြင်း၊ ရေပိုက်သွယ်တန်းခြင်း |
| ၂ | မီးလင်းရေး | ကျေးရွာတွင်မီးလင်းရေး မဟာ ဓာတ်အားလိုင်းမှ မီးသွယ်တန်းခြင်း<br>-ရေအားလျှပ်စစ်<br>- ဆိုလာမီး | လျှပ်စစ်မီးရရှိရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| ၃ | ရွာတွင်းလမ်း | လမ်းပန်းဆက်သွယ်ရေးပိုမိုတိုးတက်ကောင်းမွန်ေ ာင် ဆောင်ရွက်ခြင်း | မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် ပြုပြင်ပြောင်းလဲခြင်း |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)**

| | |
|---|---|
| **ကျေးရွာ** | – ကံလှ |
| **ကျေးရွာအုပ်စု** | – ကျောင်းရွာ |
| **မြို့နယ်** | – ရေး |
| **တိုင်းဒေသကြီး / ပြည်နယ်** | – မွန်ပြည်နယ် |

**စီမံချက်အမည်** – ကံလှကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်း။

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ယခုလက်ရှိ ကျေးရွာတွင် ရေလုံလောက်မှုမရရှိခြင်း ကျေးရွာ၏ မြေအနေအထားအရ ရေတွင်းတူး၍ ရေမရခြင်း၊ မသန့်ရှင်းသောမြစ်ရေကို ကျေးရွာသူ/ကျေးရွာသားများ ပုဂ္ဂလိကမှ စေ◌ျးကြီးပေး၍ ဝယ်ယူသုံးစွဲရပြီး ကျေးရွာမှ ရေလုံလောက်လောက်သုံးစွဲနိုင်ရန် စိမ့်စမ်းရေသိယ်တန်းခြင်းလုပ်ငန်းကို ရရှိလိုခြင်း ဖြစ်သည်။
- ကျေးရွာတွင် မြစ်၊ ချောင်းရေ၊ မသန့်ရှင်းမှုကြောင့် ပြည်သူလူထုတွင် ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာခြင်းဖြစ်စေပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- သန့်ရှင်းသော ရေကို အသုံးပြုနိုင်ခြင်းကြောင့် ကျန်းမာရေး တိုးတက်ကောင်းမွန်လာမည်။
- နွေအခါတွင်လည်း ရေသုံးစွဲမှု လုံလုံလောက်လောက် ရရှိလာပြီး ရေရှားပါးခြင်းကို အခက်အခဲမရှိ သုံးစွဲရမည်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- သောက်သုံးရေ ရရှိလာခြင်းကြောင့် ကျန်းမာရေး ပိုမိုတိုးတက် ကောင်းမွန်လာမည်။
- ရေကို အခက်အခဲမရှိ သုံးစွဲနိုင်မည်။
- ရေရှားပါးမှုပြဿနာနှင့်လည်း ကြုံတွေ့နိုင်မှု မရှိနိုင်ပါ။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း။
- အိမ်ခြေ (၁၈၀) စိမ့်စမ်းရေသွယ်တန်းခြင်းအတွက် ခန့်မှန်းကုန်ကျငွေ သိန်း(၁၀၀) ကျပ်ဖြစ်ပါသည်။

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀ (ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • __________ (ငွေသား) | • ကျေးရွာ |
| • (ပစ္စည်း/လုပ်အား) | • ကံလှကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၇၇ | ၃၉၃ | ၇၇၀ | ၁၂ | ၂၅ | ၄၃ | ၁၀၀ | ၁၈၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၇၇ | ၃၉၃ | ၇၇၀ | ၁၂ | ၂၅ | ၄၃ | ၁၀၀ | ၁၈၀ |

| |
|---|
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကံလှကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၁၈ ခုနှစ်၊ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၈ ခုနှစ်၊ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• လိုအပ်ပါက ငွေကြေးအသင့်အတင့်ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• ကျေးရွာလူထု အစည်းအဝေး ခေါ်ယူပြီးနောက် ကျေးရွာ၏ လိုအပ်ချက်များ ဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲပါမည်။အကောင်အထည်ဖော်ပြီးစီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်းလုပ်ဆောင်ခြင်း နှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။<br>• စီမံကိန်းပြီးလျှင်ပြီးခြင်း သက်ဆိုင်ရာ ဦးစီးဌာနထံသို့ အထောက်အထားများနှင့်တကွ ပြီးစီး:ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ |

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၂)**

| |
|---|
| **ကျေးရွာ** – ကံလှ<br>**ကျေးရွာအုပ်စု** – ကျောင်းရွာ<br>**မြို့နယ်** – ရေး<br>**တိုင်းဒေသကြီး / ပြည်နယ်** – မွန်ပြည်နယ် |
| **စီမံချက်အမည်** – လျှပ်စစ်မီး/ဆိုလာ မီးလင်းရေး |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>• ကျေးရွာတွင် လျှပ်စစ်မီး လက်လမ်းမှီအသုံးမပြုနိုင်ခြင်း၊ Transformer မီးအားနိုင်နင်းမှု မရှိခြင်း၊ ကျောင်းသား/ကျောင်းသူများ သင်ထောက်ကူပစ္စည်း အသုံးပြုရန်အတွက် အခက်အခဲရှိခြင်း ပုဂ္ဂလိကအသေးစား ဒီဇယ်အင်ဂျင်အသုံးပြုနေရခြင်း။<br>• လျှပ်စစ်မီးကို(၂၄) နာရီ အချိန်အပြည့်အဝ မရရှိခြင်း။<br>• ယခုလက်ရှိ အသုံးပြုနေသော လျှပ်စစ်မီးမီတာခသုံးစွဲမှုမှာ စေျးများခြင်း။ |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>• ပိုမိုကောင်းမွန်သော လျှပ်စစ်မီးရရှိပါက ငွေကြေးကုန်ကျမှုများ လျော့နည်းသွားခြင်း။<br>• ကျောင်းသားကျောင်းသူများ သင်ထောက်ကူပစ္စည်းများ အသုံးပြုနိုင်ခြင်း။ |

| |
|---|
| • (၂၄)နာရီ လျှပ်စစ်မီး အသုံးပြုနိုင်ခြင်း။<br>• လျှပ်စစ်မီးကို လိုအပ်သလို အသုံးပြုနိုင်လျှင် အိမ်ရှင်မများအတွက်လည်း ချက်ပြုတ်ရာတွင် အချိန်ကုန်သက်သာစေပါသည်။ |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>• ကျေးရွာတွင် လျှပ်စစ်မီး ရှိလာသောကြောင့် သတင်းအချက်အလက် နည်းပညာဗဟုသုတများ ပိုမိုတိုးတက်လာပြီး ကျောင်းသားကျောင်းသူများ သင်ထောက်ကူပစ္စည်းများ အသုံးပြုနိုင်ခြင်းကြောင့် လူနေမှု အဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာမည်။ |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**<br>• အိမ်ခြေ (၁၈၀) လျှပ်စစ်မီး တပ်ဆင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေ သိန်း(၁၀၀) ကျပ်ဖြစ်ပါသည်။ |
| **စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု** |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀ (ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • __________ (ငွေသား) | • ကျေးရွာ |
| • လုပ်အား (ပစ္စည်း/လုပ်အား) | • ကံလှကျေးရွာ |
| • | • |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၇၇ | ၃၉၃ | ၇၇၀ | ၁၂ | ၂၅ | ၄၃ | ၁၀၀ | ၁၈၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၇၇ | ၃၉၃ | ၇၇၀ | ၁၂ | ၂၅ | ၄၃ | ၁၀၀ | ၁၈၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကံလှကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၁၈ ခုနှစ်၊ ဇ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၈ ခုနှစ်၊ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**<br>• ဆိုလာတပ်ဆင်ရေးအတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာမှာ ပြည်သူထည့်ဝင်ငွေများ ထည့်ဝင်ပါမည်။<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ** |

**အစဉ်များ**

- ဆိုလာနှင့် ပတ်သတ်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ ညွှန်ကြားချက်များ ထားရှိပါမည်။
- ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်းကို ပိုင်ရှင်မှ တာဝန်ယူ ထိန်းသိမ်းသွားပါမည်။
- စီမံကိန်းပြီးလျှင်ပြီးခြင်း သက်ဆိုင်ရာ ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီးကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၃)**

**ကျေးရွာ** – ကံလှ
**ကျေးရွာအုပ်စု** – ကျောင်းရွာ
**မြို့နယ်** – ရေး
**တိုင်းဒေသကြီး / ပြည်နယ်** – မွန်ပြည်နယ်

**စီမံချက်အမည်** – ကံလှကျေးရွာ ကတ္တရာလမ်း အရှည် (၆၀၀)ပေ၊ အကျယ် (၁၅)ပေ မြေသားလမ်းလမ်းအား ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်း။

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ယခုလက်ရှိလမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးတွင်းကာလတွင် ကျောင်းသားကျောင်းသူများ ၊ရဟန်းသံဃာတော်များ ပြည်သူလူထုများ သွားလာရခက်ခဲခြင်း၊ ရေး–ကျောင်းရွာလမ်းနှင့် ကျေးရွာဆက်သွယ်၍ ကုန်စည်စီးဆင်းမှု ခက်ခဲခြင်း။
- မြေသားလမ်းဖြစ်သည့်အတွက် မိုးတွင်းအခါတွင် ဗွက်များ၊ချိုင့်များဖြစ်ပေါ်နေသောကြောင့် ကျေးရွာသူ/သားများ၊ ခြံသမားများ၊ရဟန်းသံဃာတော်များလည်း အခက်အခဲများ ဖြစ်ပေါ်နေပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရန်။
- မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကတ္တရာလမ်း ခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ရွှံ့ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေ လွယ်ကူလာမည်။
- ကုန်စည်စီးဆင်းမှု ပိုမိုတိုးတက်ကောင်းမွန်လာခြင်း။
- ကျောင်းသားကျောင်းသူများ၊ ရဟန်းသံဃာ၊ ပြည်သူလူထုများ သွားလာရလွယ်ကူလာခြင်း။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- –လမ်း ပေအရှည် (၆၀၀)၊ အကျယ် (၁၅) ပေ ခန့်မှန်းကုန်ကျငွေ သိန်း (၁၀၀) ကျပ်ဖြစ်ပါသည်။

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀ (ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • ___________ (ငွေသား) | • ကျေးရွာ |
| • လုပ်အား (ပစ္စည်း/လုပ်အား) | • ကံလှကျေးရွာ |
| • | • |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၇၇ | ၃၉၃ | ၇၇၀ | ၁၂ | ၂၅ | ၄၃ | ၁၀၀ | ၁၈၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၇၇ | ၃၉၃ | ၇၇၀ | ၁၂ | ၂၅ | ၄၃ | ၁၀၀ | ၁၈၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကံလှကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –** ၂၀၁၈ ခုနှစ်၊

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၈ ခုနှစ်၊

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာရှိ လုပ်သားအင်အားဖြင့် ပါဝင်ဆောင်ရွက်သွားပါမည်။
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- ကျေးရွာအလူထု စည်းအဝေးခေါ်ယူပြီးနောက် ကျေးရွာ၏ လိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ ရေးဆွဲပါမည်။
- စီမံကိန်းပြီးလျှင်ပြီးခြင်း သက်ဆိုင်ရာ ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီးကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။

နောက်ဆက်တွဲ (၁)

## ကံလှကျေးရွာ၊ ကျောင်းရွာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဝင်းကြည် | ဦးတင်အောင် | ၁၀/ရမန (နိုင်) ၀၆၁၁၁၄ | ၅၄ | ဥက္ကဋ္ဌ | ၀၉၄၂၆၄၆၅၃၀၁ |
| ၂ | ဦးအောင်ကြည် | ဦးသိန်း | ၁၀/ရမန (နိုင်) ၀၀၅၀၇၄ | ၆၄ | အတွင်းရေးမှူး | ၀၉၄၂၅၃၄၆၃၆၈ |
| ၃ | ဒေါ်ဆွေဇင်ဝင်း | ဦးဝင်းနိုင် | ၁၀/လမန (နိုင်) ၁၇၅၉၅၃၅ | ၂၅ | စာရင်းကိုင် | - |
| ၄ | ဒေါ်မြင့်မြင့်ခင် | ဦးသောင်းဖေ | ၁၀/ရမန (နိုင်) ၆၀၉၅၃၂ | ၅၄ | ဘဏ္ဍာရေးမှူး | - |
| ၅ | ဦးတင်ဦး | ဦးတင်အေး | ၁၀/ရမန (နိုင်) ၂၄၀၁၄၂ | ၄၈ | အဖွဲ့ဝင် | ၁၉၂၅၃၇၃၆၁၂၂ |
| ၆ | ဒေါ်ငယ်လေး | ဦးစံကြည် | ၁၀/ရမန (နိုင်) ၁၆၂၁၉၈ | ၅၀ | အဖွဲ့ဝင် | ၀၉၄၂၆၄၆၆၉၄၂ |
| ၇ | ဦးမျိုးအောင် | ဦးတွတ် | ၁၀/ရမန (နိုင်) ၀၆၈၅၆၈ | ၃၅ | အဖွဲ့ဝင် | ၀၉၄၂၀၆၉၄၇၉၂ |
| ၈ | ဒေါ်သန်းထွေး | ဦးခွေး | ၁၀/ရမန (နိုင်) ၀၆၀၉၇၄ | ၅၅ | အဖွဲ့ဝင် | ၀၉၄၅၇၀၀၄၈၅၂ |
| ၉ | ဦးကျော်ညီထွန်း | ဦးပေါ်ထွန်း | ၁၀/ရမန (နိုင်) ၂၀၃၀၇၇ | ၁၉ | အဖွဲ့ဝင် | ၀၉၄၅၇၀၀၄၆၁၆ |
| ၁၀ | ဦးသန်းထွေး | ဦးဘစိန် | ၁၀/ရမန (နိုင်) ၁၀၅၈၀၅ | ၄၉ | အဖွဲ့ဝင် | - |
| ၁၁ | ဦးသန်းထိုက်စိုး | ဦးပလိုင် | ၁၀/ရမန (နိုင်) ၁၇၅၉၆၁ | ၃၀ | အဖွဲ့ဝင် | ၀၉၄၀၁၂၀၁၀၁၉ |
| | | | | | | |

နောက်ဆက်တွဲ (၂)

နောက်ဆက်တွဲ (၃)

**ကံလှကျေးရွာ၏ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **ရေပေးရေး** | | | | | |
| | • မြစ်ရေ၊ချောင်းရေ သန့်ရှင်းမှု မရှိခြင်း | • မြစ်ရေ၊ချောင်းရေ သုံးစွဲနေရခြင်း | • စိမ့်စမ်းရေသွယ်ရန် ရေအရင်းအမြစ်ရှိခြင်း | • ကျန်းမာရေးအတွက် ဆိုးကျိုးများ ဖြစ်ပွားခြင်း | • ကျေးရွာရေ ကော်မတီ ဖွဲ့စည်းပြီး စိမ့်စိမ်းရေသွယ်တန်းခြင်း လုပ်ငန်းရရှိစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း | • သန့်ရှင်းသော ရေကို အသုံးပြုနိုင်ခြင်းကြောင့် ကျန်းမာရေးတိုးတက် ကောင်းမွန်လာခြင်း |
| ၂ | **မီးလင်းရေး** | | | | | |
| | • လျှပ်စစ်မီး သုံးစွဲရန် လုံလောက်မှု မရှိခြင်း | • ပုဂ္ဂလိက အသေးစားဒီဇယ်၊ အင်ဂျင်သုံးစွဲနေရခြင်း | • ကျေးရွာသူရွာသားမှ လုပ်သားအားဖြင့်ပါဝင် ကူညီဆောင်ရွက်ပေးနိုင် ခြင်း | • (၂၄) နာရီ လျှပ်စစ်မီးမရရှိခြင်း ကြောင့်ကျောင်းသား ကျောင်းသူများသင် ထောက်ကူပစ္စည်းမျ ား အသုံးပြုရာတွင် ခက်ခဲခြင်း<br>• လျှပ်စစ်မီးကိုလိုအပ် ချိန်တွင်အလွယ်တ ကူ မသုံးစွဲနိုင်ခြင်း | • ကျေးရွာဆပ်ကော်မတီ ဖွဲ့စည်းပြီးကျေးလက်ဌာန နှင့်ချိပ်ဆက်ခြင်း၊လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း | • ကျေးရွာမီးလင်းရေး မဟာဓာတ်အားလိုင်းမှ မီးသွယ်တန်းခြင်း၊ရေအားလျှ ပ်စစ်၊ဆိုလာမီးလင်းရေး ရရှိနိုင်ခြင်း |
| ၃ | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| | • ရွာတွင်းလမ်း မကောင်းခြင်း | • မြေသားလမ်း ဖြစ်နေခြင်း၊<br>• ငွေကြေး ချို့တဲ့ခြင်း | • ကျေးရွာမှ လုပ်သားများပါဝင် ကူညီဆောင်ရွက်ပေးနိုင်ြ ြင်း | • ငွေကြေးမတတ်နိုင်ခြ င်း | • ကျေးရွာလမ်းကော်မတီ ဖွဲ့စည်းပြီး ကျေးလက်လမ်းဦးစီး၊ ကျေးလက်ဦးစီးနှင့်ချိတ် ဆက်ဆောင်ရွကပ်ခြင်း | • လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၈ | ၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၉ | ၁၄ | ၃၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၂၂ | ၄၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၇ | ၂၆ | ၆၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၉၁ | ၃၁၃ | ၆၀၄ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၇ | ၁၀ | ၁၇ |
| စုစုပေါင်း | | ၃၇၇ | ၃၉၃ | ၇၇၀ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၈၀ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကံလှကျေးရွာတွင် အိမ်ထောင်စု (၁၈၀) စု၊ လူဦးရေ (၇၇၀) ဦး ရှိပါ သည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၁၇%)၊ မူလတန်းကျောင်း သားအရွယ် (၅.၇၁%)၊ အလယ်တန်းကျောင်းသားအရွယ် (၈.၁၈%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၈.၄၄%)၊ သက်ကြီးရွယ်ကြီးအရွယ် (၂.၂၁%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ စုစုပေါင်းလူဦးရေ၏ (၂၁.၅၆%) ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၂၉၁) ဦး၊ မ (၃၁၃) ဦး၊ စုစုပေါင်း (၆၀၃) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏(၇၈.၄၄%) ရှိပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့် စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | | | | |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၈၂၉ | သင့် | သင့် | ချောင်း၊ စိမ့်စမ်း |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| **စုစုပေါင်း** | **၈၂၉** | **သင့်** | **သင့်** | **ချောင်း၊ စိမ့်စမ်း** |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်**။ ။ကံလှကျေးရွာတွင် ဥယျာဉ်ခြံမြေ (၈၂၉) ကေရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။ ဥယျာဉ်မြေများကို မပြုပြင်နိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရန် ခက်ခဲခြင်း၊ ကြွက်များဖျက်ဆီးခြင်း၊ ဈေးကောင်းမရရှိခြင်း စသည်တို့ကြောင့် ကျေးရွာတွင် ဥယျာဉ်ခြံမြေသာ အဓိကလုပ်ကိုင်ပြီး လယ်ယာစိုက်ပျိုးမှုအားနည်းပါသည်။ ဆန်စပါးကိုဒေသတွင် မရရှိသော်လည်း အခြားဒေသမှ ဝယ်ယူရရှိနိုင်ပါသည်။ ဥယျာဉ်ခြံသီးနှံများအတွက် ရေအရင်းအမြစ် ကို ချောင်းရေနှင့်စိမ့်စမ်းတို့မှ ရရှိပါသည်။

## (၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | ခက် |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | ခက် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | ခက် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | မရှိ | ခက် |
| **ပျှမ်းမျှအပူချိန် – ၃၈ C** | **ပျှမ်းမျှမိုးရေချိန်– ၈၀ လက်မ** | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်**။ ။ ကံလှကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ မထွက်ရှိပါ။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ရပ်မိရပ်ဖ | ၁√ ၂☐ ၃☐ | ပညာရေး √ ငွေကြေး √<br>ကျန်းမာရေး ☐ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐ | ကျေးရွာတွင် အဓိကကျသည့် အဖွဲ့ ဖြစ်ပြီး သမာသမတ်ကျ၍ သြဇာရှိ သောအဖွဲ့ဖြစ်သည်။ ရပ်ရွာအကျိုးကို |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သော အဖွဲ့ဖြစ်သည်။ |
| ၂ | အမျိုးသမီး | ၁☐ ၂ √ ၃☐ | ပညာရေး √ ငွေကြေး ☐<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျေးရွာတွင်ငွေကြေးအားဖြင့်၊ပညာရေးအားဖြင့်၊ပါဝင်ကူညီကြပြီး၊အဖွဲ့အစည်းတစ်ခုတွင်တက်ကြွစွာပါဝင်ကူညီကြသည်။ |
| ၃ | လူငယ်အဖွဲ့ | ၁☐ ၂√ ၃☐ | ပညာရေး √ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး √ | ကျေးရွာတွင်အဓိကကျသောအဖွဲ့အစည်း လည်းဖြစ်ပြီးအချိန်အခါမရွေးပါဝင်ကူညီပေးသောအဖွဲ့အစည်းလည်း ဖြစ်ပါသည်။ |
| ၄ | | ၁☐ ၂☐ ၃☐ | ပညာရေး ☐ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ကံလှကျေးရွာ၏ စီမံအုပ်ချုပ်မှုအပိုင်းတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ လုပ်ဆောင်နေပြီး ရပ်မိရပ်ဖအဖွဲ့မှလည်း ပူးပေါင်း အကြံဉာဏ်ပေး ဆောင်ရွက်ကြပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာတွင်းရှိ အဖွဲ့များအားလုံး စုပေါင်း၍ စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။ အမျိုးသမီးရေးရာနှင့် လူငယ်အဖွဲ့တို့ ပူးပေါင်း၍ ကျေးရွာတွင်း ပညာရေး၊ ကျန်းမာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ကိစ္စများအား လိုက်ပါ ဆောင်ရွက်ပေးကြပါသည်။ ကျေးရွာတွင် လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းထားခြင်းလည်း မရှိပါ။ သို့သော်လည်း အဖွဲ့များမှာ စုစည်းဆောင်ရွက်မှု အသင့်အတင့် အားကောင်းပါသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း |
|---|---|

| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
|---|---|---|---|---|
| မြေယာပိုင်ဆိုင်မှု | ၁၂.၅ ကေ အထက် | ၅ ကေမှ ၁၂.၅ ကေ ကြား | ၂.၅ ကေမှ ၅ ကေကြား | ၂.၅ ကေအောက်နှင့် မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်၊နှစ်ထပ်အိမ် | ခြေတံရှည်အိမ် | လုံတိုင်အိမ် | ဝါးအိမ် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ် | ဆိုင်ကယ်/စက်ဘီး | ဆိုင်ကယ်/စက် ဘီး | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | ဥယျာဥ်ခြံ | ဥယျာဥ်ခြံ | ဥယျာဥ်ခြံ | ကျပန်း |
| **အိမ်ထောင်စု** | **၁၀** | **၁၈** | **၁၉** | **၁၃၃** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကံလှကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်သာ ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စုများသည် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အလွန်မပြေလည်သောအိမ်ထောင်စုများသည် ရာဘာခြံ၊ ကွမ်းသီးခူးစသည့် ရာသီအလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးမှု ပြုလုပ်ကြပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၀ | ၅၀.၀% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၄၃ | ၂၃.၈၉% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၁၉ | ၁၀.၅၆% | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၁၈ | ၁၀% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၁၀ | ၅.၅၆% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၁၈၀** | **၁၀၀%** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကံလှကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် ကျေးရွာရှိစုစုပေါင်း အိမ်ထောင်စု၏ တစ်ဝက်ရှိနေပြီး အများစုမှာ နေ့စားကျပန်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ၁၂.၅ ကေအထက် ပိုင်ဆိုင်သည့် တောင်သူကြီးဦးရေနည်းပါးပြီး တောင်သူလတ်နှင့် တောင်သူငယ် အရေအတွက်မှာ ဆတူပင် ဖြစ်ပါသည်။ မြေဧရိယာအနည်းငယ်သာ ပိုင်ဆိုင်သော ဆင်းရဲသား တောင်သူ

အရေအတွက်မှာ ပိုများပါသည်။

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစု ပေါင်း စိုက် ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျမ်း မျှ | |
| ဒူးရင်းသီး | ၅၀ | လုံး/ပင် | ၂၅ | ၃၅ | ၃၀ | ဈေးကောင်းများရရှိခြင်းကြောင့် အကျိုး အမြတ် ရရှိမှုများသည်။ |
| ရော်ဘာ | ၅၂၅ | ပေါင် | ၅၀၀ | ၈၀၀ | ၆၀၀ | ရော်ဘာဈေးနှုန်းမကောင်းသဖြင့်အကျိုး အမြတ်နည်းသည်။ |
| ကွမ်းသီး | ၁၁၈၂ | ပိဿာ | ၁၀၀၀ | ၁၂၀၀ | ၁၁၀၀ | ဈေးနှုန်းအတက်အကျပေါ်မူတည်ပြီး အကျိုး အမြတ် ရရှိသည်။ |
| သံပရာသီး | ၆၆ | လုံး | ၂၀၀၀၀ | ၆၀၀၀၀ | ၄၀၀၀၀ | ဈေးနှုန်းအတက်အကျပေါ်မူတည်ပြီး အကျိုး အမြတ် ရရှိသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကံလှကျေးရွာတွင် ဥယျာဉ်ခြံသီးနှံဖြစ်သည့် ရာဘာနှင့်ကွမ်းသီးကို အဓိကထား စိုက်ပျိုးပါသည်။ ဈေးနှုန်းအတက်အကျပေါ် မူတည်ပြီး အကျိုးအမြတ် ရရှိမှု ကွာခြား ပါသည်။ ကျေးရွာတွင် စပါး စိုက်ပျိုးနိုင်ခြင်းလည်း မရှိပါ။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၂ | ၁၀ |
| နို့စားနွား | | |
| ကျွဲ | | |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၆ | ၁၀ |
| ကြက် | ၃ | ၁၅ |
| ဘဲ | | |
| နွားနောက် | | |
| | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကံလှကျေးရွာတွင် နွား၊ ဝက်၊ ကြက်တို့ကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ ပင်လယ်၊ မြစ်များနှင့်မနီးသောကြောင့် ငါးဖမ်းခြင်းလုပ်ကိုင်သူများနှင့် ငါးမွေးမြူသူများ မရှိပါ။ ကျေးရွာတွင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မှုနည်းပါးပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၃ | ၁၅ | | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၁ | ၁ | | နိမ့် |
| ၇ | လက်လီ–လက်ကား ရောင်းဝယ်ရေး | ၃ | ၁၅ | | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |

| | | | | | |
|---|---|---|---|---|---|
| ၁၂ | ပညာရေး | | | | |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | ၁ | ၆ | | လတ် |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ) | | | | |
| | **စုစုပေါင်း စိုက်/မွေးမဟုတ်သော အသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | | | | **၃၇** |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကံလှကျေးရွာတွင် တစ်ပိုင်တစ်နိုင် လုပ်ငန်းများ နည်းသည်ကို တွေ့ရပါသည်။ လက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူမှာလည်းနည်းပါးသည်။ ပြည်ပထွက် အလုပ်လုပ်ကိုင်သူများ များပြားလျှက် ရှိပါသည်။ ထို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရန်နှင့် အသုံးချနိုင်မည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ပေးနိုင်ရန် လိုအပ်ပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ကျောင်းရွာဈေး | မြသီတာဈေး(ရေးမြို့) |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် √ ၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် √ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √ ကား/ထော်လာဂျီ √ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √ ကား/ထော်လာဂျီ √ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံလှကျေးရွာတွင် ဈေးမရရှိသဖြင့် ကျောင်းရွာဈေးတွင်သာ စားသောက်ကုန်များကို ဝယ်ယူကြသည်။ ရေးမြို့(မြသီတာ)ဈေးတွင် လိုအပ်သောပစ္စည်းများကို ရရှိနိုင်ပါသည်။ ရွာတွင်းတွင် အိမ်ဆိုင်များသာ ရှိပါသည်။

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁√ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ √ | ပွင့်လင်း ရာသီ √ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် √ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁ √ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း ☐ သင့် ☐ ညံ့ √ | ပွင့်လင်း ရာသီ √ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် √ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁√ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ √ | ပွင့်လင်း ရာသီ √ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် √ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း –၁၊ ကျောက်ခင်းလမ်း –၂၊ ကျောက်ချောလမ်း –၃၊ ကွန်ကရစ်လမ်း –၄၊ ကတ္တရာလမ်း –၅

**လေ့လာတွေ့ရှိချက်။** ။ လမ်းပန်းဆက်သွယ်ရေးမှာ အတော်အသင့် သွားလာရ အဆင်ပြေသော်လည်း ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်နေသည့်အတွက် မိုးတွင်းကာလတွင် လမ်းပေါ် ရေကျော်ခြင်း၊ ရွှံ့ဗွက်များဖြစ်ခြင်း စသည်တို့ကြောင့် ကျေးရွာတွင်းလမ်းများကို ကျောက်ခင်းလမ်း မှတဆင့် ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။

## (၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံလှကျေးရွာသည် ပင်လယ်နှင့်မြစ်ချောင်းများ ရှိသော်လည်း ရွာတွင်းနှင့် ဝေးကွာသောကြောင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးမပြုခြင်း မရှိပါ။

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | - | ၄ | ၅၀ | - | - | ၄ | - | ၁ |

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကံလှကျေးရွာတွင် ဆိုင်ကယ်၊ ကားများဖြစ် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနေကြပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | |
| ဆိုလာစနစ် | |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၁/၁၈၀ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မဟာဓာတ်အားလိုင်း မရှိသော်လည်း ဒီဇယ်သုံးအင်ဂျင်ဖြင့် မီးလင်းရေးအတွက် အသုံးပြုပါသည်။ သို့သော်မီးကို အချိန်အကန့်အသတ်ဖြင့်သာ ရရှိသောကြောင့် မီးလုံလောက်စွာအသုံးပြုနိုင်ရန်အတွက် ကျေးရွာလုံးကျွတ် (၂၄) နာရီမီး ရရှိရန် လိုအပ်ပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၁၅၀ | ၂၇ | ၈၁ |

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကံလှကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ကို ဖုန်း၊ တီဗွီစသည်တို့မှ ရရှိပြီး ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

## (၆) ပညာရေး

## (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၀ | ၂၂ | ၄၂ |
| အလယ်တန်း | ၃၆ | ၂၅ | ၆၁ |
| အထက်တန်း | ၇ | ၁၈ | ၂၅ |
| တက္ကသိုလ်/ကောလိပ် | ၄ | ၈ | ၁၂ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန် ဖြစ်ပါသည်။ ၎င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့်သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကံလှကျေးရွာတွင် မူလတန်းလွန်အဆင့်ပညာရေးကို သင်ကြားနိုင်ပြီး အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကို ရေးမြို့နယ်တွင် ဆက်လက်၍ ပညာသင်ယူကြပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူများလည်း ရှိပါသည်။

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် √<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် √<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၂၂၅၀ ပေ | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့် √ ညံ့☐ | ကောင်း☐ သင့် ☐ ညံ့ ☐ | ကောင်း☐ သင့် ☐ ညံ့ ☐ |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ √ | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ |
| **ဆ။** ကျောင်းအိမ်သာ | ကောင်း ☐ သင့် ☐ | ကောင်း ☐ သင့် ☐ | ကောင်း ☐ သင့် ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| အခြေအနေ | ညံ့ √ မရှိ ☐ | | | ညံ့ ☐ မရှိ ☐ | | | ညံ့ ☐ မရှိ ☐ | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် √<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ။** ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၁ | ၆ | ၇ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကံလှကျေးရွာရှိ စာသင်ကျောင်းဆောင်မှာ အသင့်အတင့်ကောင်းမွန်မှု ရှိပြီး ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှုမရှိပါ။ ကျောင်းဆရာ/ဆရာမ အရေအတွက် လုံလောက်မှု ရှိပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့် ☐ | နိမ့် √ | မရှိ ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် √ | နိမ့် ☐ | မရှိ ☐ |
| ၃ | ငှက်ဖျား | မြင့် ☐ | နိမ့် √ | မရှိ ☐ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့် ☐ | နိမ့် √ | မရှိ ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့် ☐ | နိမ့် √ | မရှိ ☐ |
| ၆ | တီဘီ | မြင့် ☐ | နိမ့် √ | မရှိ ☐ |
| ၇ | ဆီးချို | မြင့် √ | နိမ့် ☐ | မရှိ ☐ |
| ၈ | သွေးတိုး | မြင့် √ | နိမ့် ☐ | မရှိ ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့် ☐ | နိမ့် √ | မရှိ ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့် ☐ | နိမ့် √ | မရှိ ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့် ☐ | နိမ့် √ | မရှိ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကံလှကျေးရွာသည် ရေးမြို့ဆေးရုံနှင့် နီးသောကြောင့် ကျန်းမာရေး အခြေအနေကို သွားရောက်ကုသရန် လွယ်ကူသဖြင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအတွက် အဆင်ပြေသည်။ သို့သော်ကျန်မာရေးဆိုင်ရာ အသိပညာရေး ဟောပြောပွဲများ ပြုလုပ်ရန်နှင့် ကျန်း မာရေးဆိုင်ရာ အထောက်အပံ့များ လိုအပ်နေပါသည်။

### (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉)  လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | မရှိ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ရှိ | |
| ၃ | ပိုလီယိုရောဂါ | ရှိ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ရှိ | |
| ၅ | ဝက်သက်ရောဂါ | ရှိ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ရှိ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊လက်မောင်းပတ်) | ရှိ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | | မရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကာကွယ်ဆေးများအား ပုံမှန်ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ်တွင် ကျေးရွာရှိ ကလေးသူငယ်များအား ၇ုပန်ဦးနှောက်ရောင် ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။

### (၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ √ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် √<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ √ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် √ | ရှိ ☐<br>မရှိ √ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကံလှကျေးရွာသည် ရေးမြို့နယ်နှင့် နီးပြီးအလွယ်တကူ သွားလာနိုင်

သောကြောင့် အရေးပေါ်အခြေအနေတွင် ရေးမြို့နယ်ဆေးရုံကြီးသို့ ပို့ဆောင်ပေးရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများမရှိပေ။

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | | ကောင်း☐ သင့်☐ ညံ့☐ | |
| အဝီစိတွင်း/ စက်တပ် | | ကောင်း☐ သင့်☐ ညံ့☐ | |
| အဝီစိတွင်း/ တုံကင် | | ကောင်း☐ သင့်☐ညံ့☐ | |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | ၁၈၀ | ကောင်း☐ သင့်☐ ညံ့√ | မိုး၊ ဆောင်း |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ရေလုံလောက်မှုမရှိပါ။ နွေရာသီတွင် ရေတွင်းများမှာ ရေခမ်းသဖြင့် နွေရာသီ ရေမလုံလောက်မှု မဖြစ်ပေါ်စေရန် ရေလှောင်ကန်နှင့် ရေပိုက်များ ပြုလုပ်ရန် လိုအပ်နေပါသည်။

### (၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၈၀ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ရေလောင်း/ယင်လုံအိမ်သာများသာ အသုံးပြုကြသည်။ မသန့်ရှင်းသော အိမ်သာများသုံးစွဲမှု မရှိပါ။ ကျေးရွာတွင်ယင်လုံအိမ်သာများ အိမ်တိုင်းတွင် ရှိသော ကြောင့် ကျန်းမာရေးနှင့် ညီညွတ်မှု ရှိပါသည်။

## (၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မရှိ |
| ၃ | ရေကြီးခြင်း | လတ် (လူနေအိမ် အခြေအနေ အန္တရာယ်ရှိ) |
| ၄ | မိုးခေါင်ခြင်း | မရှိ |
| ၅ | အအေးလွန်ကဲခြင်း | မရှိ |
| ၆ | မုန်တိုင်း | မရှိ |
| ၇ | လျှော် | မရှိ |
| ၈ | မီးဘေး | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ |
| ၁၃ | တီဘီရောဂါ | မရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကံလှကျေးရွာတွင် ရော်ဘာ၊ ကွမ်းသီးစိုက်ပျိုးရေး (ဥယျာဉ်ခြံ) လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသော်လည်း ဈေးကွက်မတည်မြဲမှု၊ ဈေးနှုန်းကျဆင်းမှုတို့ကြောင့် စိုက်ပျိုး ရေးအတွက် ကုန်ကျစရိတ်များပြားပြီး စားနပ်ရိက္ခာဖူလုံမှု အနည်းငယ် လျော့နည်းပါသည်။ ဘေးအန္တရာယ်ကျရောက်မှုမှာ ရေကြီးခြင်းသာရှိပြီး ထိခိုက်မှု လတ်တလောတွင် မရှိသော်လည်း ဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ အသိပညာပေးလုပ်ဆောင်ရန်နှင့် ထိရောက်လျှင်မြန်စွာ တုံ့ပြန် ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများ မရှိပါ။ ရာသီကူးပြောင်းမှုများတွင် တိရိစ္ဆာန် ရောဂါများ အနည်းငယ် ဖြစ်ပွားမှု ရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။

## (၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | မြေဆီလွှာ ပျက်စီးမှုရှိ (နည်းပညာမရှိခြင်း) (ငွေကြေးအားဖြင့်လည်းမတတ်နိုင်ခြင်း) |
| အပင်မျိုးစိတ်များ | | |
| ရေအရင်းအမြစ် | မြင့် | ရေအရင်းအမြစ်ရှိခြင်း |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကံလှကျေးရွာ၏မြေဆီလွှာပျက်စီးမှုအခြေအနေမှာ အနည်းငယ် အန္တရာယ်ရှိပါသည်။ စိုက်ပျိုးရေးအတွက် မြစ်ရေ/မိုးရေ/ချောင်းရေကိုသာ အဓိကထား စိုက်ပျိုးနေသော်လည်း ရေအရင်းအမြစ် ဆုတ်ယုတ်မှု မြင့်လာပါသည်။

**(၁၀ ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ √ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ √ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကံလှကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ မပါဝင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ အမျိုးသမီးများ အကြမ်းဖက်မှု မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ မရှိစေရန် အသိပေးစာစောင်များ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။